# စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်းရှိ ရွှေဘိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်သော သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏

## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၂/၂၀၁၆)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင် ရုံးဝန်ထမ်းများ လိုက်ပါလျက် ၁၈-၈-၂၀၁၆ ရက်နေ့တွင် အကျဉ်းသားအိပ်ဆောင်များ၊ အကျဉ်းသူအိပ်ဆောင်များ၊ ထမင်းချက် ဆောင်၊ ဆေးခန်း၊ တိုက်ခန်း၊ အိမ်သာခန်းများ၊ ရေချိုးကန်များနှင့် သောက်ရေသန့်စက်ရုံတို့အား ကြည့်ရှု စစ်ဆေးခြင်း၊ အကျဉ်းသား၊ အချုပ်သား ၂၃ ဦးတို့အား တွေ့ဆုံမေးမြန်းခြင်း၊ ဝန်ထမ်း ၄၀ ဦး တို့ အား လူ့အခွင့်အရေး အသိပညာပေးဟောပြောခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ **စစ်ဆေးတွေ့ရှိချက်များ**

(က) ရွှေဘိုအကျဉ်းထောင်ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ အကျဉ်းသားဦးရေ ၁၀၀၀ ဦး ဝင်ဆံ့သော “က” အဆင့် သတ်မှတ်ခဲ့ပါသည်၊ အကျဉ်းထောင် အုတ်ရိုး အလျား ၅၀၀'၊ အနံ ၅၀၀' ရှိပြီး ထောင်တွင်းဧရိယာ ၅.၇၃ ဧကရှိ ပါသည်၊

(ခ) ရွှေဘိုအကျဉ်းထောင်တွင် အကျဉ်းသားအိပ်ဆောင် ၂ လုံး၊ အကျဉ်းသူအိပ်ဆောင် ၁ လုံး၊ တိုက်ခန်း ၃၀ ခန်းနှင့် အလုပ်ရုံဆောင် ၂ လုံးတို့၌ အကျဉ်းသား၊ အကျဉ်းသူ များကို ထားရှိပါသည်၊ အကျဉ်းသား ၂၀၀ ဦးဆံ့ ၂ ထပ်အိပ် ဆောင် ၁ လုံးမှာ ဆောက်လုပ်နေဆဲဖြစ်ပါသည်၊

(ဂ) ၎င်းအိပ်ဆောင်များ၏စုစုပေါင်းအကျယ်အဝန်းမှာ ၁၇၂၅၀.၇ စတုရန်းပေ ဖြစ်ပါ သည်၊ ကုလသမဂ္ဂ၏အကျဉ်းသားတစ်ဦးချင်းအတွက် သတ်မှတ်စံနှုန်းမှာ ၁၈ စတုရန်းပေ ဖြစ်သဖြင့် စုစု ပေါင်းလူဦးရေ ၉၅၈ ဦးသာ ထားရှိနိုင်ပါသည်၊ လက်ရှိ လူဦးရေ ၁၃၈၈ ဦးရှိပြီး၊ တစ်ဦးချင်း အတွက် ပျမ်းမျှစံနှုန်းမှာ ၁၂.၅ စတုရန်းပေ ဖြစ်သဖြင့် ကြပ်တည်းနေပါသည်၊

(ဃ) ကျွန်းလှ၊ ဝက်လက်၊ ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ ဒီပဲယင်း၊ ရွှေဘို၊ စစ်ကိုင်း မြို့နယ်တို့မှ ပြစ်ဒဏ်ချမှတ်ပြီး အကျဉ်းသားများနှင့် ရွှေဘိုခရိုင်တရားရုံး၊ ရွှေဘို မြို့နယ်တရားရုံးနှင့် စစ်ကိုင်းမြို့နယ်တရားရုံးတို့တွင် အမှုရင်ဆိုင်နေရသော အချုပ်သားများ ကျား ၁၁၄၈ ဦး၊ မ ၂၄၀ ဦး၊ စုစုပေါင်း ၁၃၈၈ ဦးအား လက်ခံထားရှိ ပါသည်၊

(င) အကျဉ်းသားအများစုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများဖြစ်ပါသည်၊ စာရင်းအရ နိုင်ငံရေး အကျဉ်းသား မရှိဘဲ နိုင်ငံခြားသား (တရုတ်) အကျဉ်းသား ၂ ဦးသာ ရှိပါသည်၊

(စ) အကျဉ်းသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး၊ ခရစ်ယာန်ဘာသာဝင် ၁၄၀ ဦး နှင့် အစ္စလာမ်ဘာသာဝင် ၃၈ ဦး၊ ဟိန္ဒူဘာသာဝင် ၁ ဦးရှိပါသည်၊ ဘာသာ အလိုက် ဝတ်ပြုကိုးကွယ်နိုင်ပါသည်၊

(ဆ) သောက်ရေကို ရေသန့်စက်ရုံမှ တစ်ဦးလျှင် ၁.၇၃ လီတာနှုန်းဖြင့် နေ့စဉ် ဖြန့်ဝေပေး ပါသည်၊ ကုလသမဂ္ဂ၏သတ်မှတ်စံနှုန်းမှာ ၃ လီတာဖြစ်ပါသည်၊

(ဇ) ချိုးရေကန် ၄ လုံးရှိပြီး ရေစက်မောင်းနှင်ပေးသဖြင့် နေ့စဉ် ချိုးရေဂါလံ ၁၇,၈၂၀ ကျော် သုံးစွဲနိုင်ပါသည်၊ ကုလသမဂ္ဂ သတ်မှတ်စံနှုန်းမှာ တစ်ဦးလျှင် တစ်နေ့ ၇ ဂါလံဖြစ်၍ နေ့စဉ် ချိုးရေ ဂါလံ ၉,၇၁၆ ကျော်သာ လိုအပ်သဖြင့် လုံလောက်မှုရှိပါ သည်၊

(ဈ) နေ့အိမ်သာ ၃၀ လုံး၊ ညအိမ်သာ ၁၀ လုံး၊ စုစုပေါင်း ၄၀ လုံးရှိပါသည်၊ ကုလသမဂ္ဂစံနှုန်းမှာ အကျဉ်းသား ၂၅ ဦးလျှင် အိမ်သာ ၁ လုံးဖြစ်သဖြင့် အိမ်သာ ၅၅ လုံး လိုအပ်မည်ဖြစ်ပါသည်၊

(ည) နေ့စဉ် လျှပ်စစ်မီး ရရှိပါသည်၊ လစဉ်ပျမ်းမျှယူနစ် ၂၂,၀၀၀ သုံးစွဲပါသည်၊

(ဋ) အကျဉ်းသားများအတွက် တစ်နေ့ရိက္ခာနှုန်းထားမှာ ၆၀၀ ကျပ် ဖြစ်ပါသည်၊ တစ်ပတ်လျှင် အသား ၂ ကြိမ် ကျွေးပါသည်၊

(ဌ) အကျဉ်းသားလူနာများအတွက် သုံးစွဲခဲ့ရသော ဆေးဝါးအသုံးစရိတ်မှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ လစဉ်ပျမ်းမျှ ၃ သိန်းခန့်ဖြစ်ပါသည်၊ ဘတ်ဂျက် မှ ၂ သိန်း ကျပ်ခွင့်ပြုပါသည်၊ လိုအပ်ပါက ထောင်တာဝန်ခံအရာရှိ အစီအစဉ်ဖြင့် ထပ်ဆောင်း ဝယ်ယူရပါသည်၊ ကျန်းမာရေးဝန်ကြီးဌာန (CMSD) မှ ဆေးဝါးများ မရရှိပါ။

(ဍ) ၂၀၁၆ ခုနှစ်အတွင်း ရွှေဘိုအကျဉ်းထောင်သို့ ရွှေဘိုပြည်သူ့ဆေးရုံကြီးမှ ၁ ကြိမ်၊ ခုခံ အားကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ၁ ကြိမ်၊ ရွှေဘို ခရိုင် တိုင်းရင်းဆေး ဌာနမှ ၄ ကြိမ် လာရောက်ကြည့်ရှု ကုသပေးခဲ့ပါသည်၊ ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းသား ၅ ဦး၊ အကျဉ်းသူ ၃ ဦး သေဆုံးခဲ့ကြောင်း၊ HIV ရောဂါသည် အကျဉ်းသား ၃၁ ဦး၊ အကျဉ်းသူ ၅ ဦး၊ HIV + TB ရောဂါသည် အကျဉ်းသား ၃ ဦး၊ TB ရောဂါသည်အကျဉ်းသား ၃ ဦးရှိပါသည်၊

(ဎ) အလုပ်ရုံဆောင်တွင် အကျဉ်းသားများ ထားရှိနေရသဖြင့် အသက်မွေး ဝမ်းကျောင်း ပညာ သင်တန်းများ သီးခြားဖွင့်လှစ်နိုင်ခြင်း မရှိပါ၊ စိတ်ဝင်စားသူ အကျဉ်းသား များကို မျက်တောင်တု၊ တက်တင်း၊ စက်ချုပ်ပညာများ သင်ပေးသောအစီအစဉ်သာ ရှိကြောင်း၊ “အ” သုံးလုံးသင်တန်း အား ကျား ၃၈ ဦး၊ မ ၂၄ ဦးဖြင့် ၁ ကြိမ် ဖွင့်လှစ်ခဲ့ကြောင်း၊

(ဏ) ဖွဲ့စည်းပုံအရ ဝန်ထမ်း ၁၀၉ ဦးဖြစ်သော်လည်း လက်ရှိဝန်ထမ်း ၈၀ ဦးသာ ရှိပါသည်၊ ဖွဲ့စည်းပုံအရ ခန့်အပ်ထားသော ဆရာဝန် မရှိသော်လည်း ရွှေဘိုခရိုင် ကျန်းမာရေး ဦးစီးဌာနမှ ၃ လတစ်ကြိမ် ဆရာဝန် ၁ ဦး တွဲဖက်ပေးပါသည်၊

(တ) ဝန်ထမ်းများအတွက် တစ်နေ့ရိက္ခာငွေမှာ ၅၀၀ ကျပ်ဖြစ်ကြောင်း၊ လစာနှင့် ရိက္ခာငွေနည်းပါးမှု၊ အချိန်ပြည့်တာဝန်ထမ်းဆောင်နေရမှုတို့ကြောင့် လုပ်ငန်းတာဝန်အပေါ် ငြီးငွေ့ပြီးလန်းဆန်းတက်ကြွမှု နည်းပါးနေကြောင်းတွေ့ရှိရပါသည်။

## ၃။ အကြံပြုတိုက်တွန်းချက်များ

(က) လူဦးရေများပြားနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ တိုးချဲ့တည်ဆောက်ခြင်း၊ သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီသောသောက်ရေနှင့်အိမ်သာများစီမံပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

(ဂ) ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက လိုအပ်မည့် ဆေးဝါးနှင့်အသုံးအဆောင်များ စီမံထားရှိခြင်းတို့ကိုပြုလုပ်သင့်ပါသည်။

(ဃ) အကျဉ်းသားများ၏ တစ်နေ့ရိက္ခာနှုန်းထားနှင့် ဝန်ထမ်းများ၏ တစ်နေ့ရိက္ခာငွေကို သင့်လျော်သလို တိုးမြှင့်ပေးနိုင်ရန် စဉ်းစားသင့်ပါသည်။

(င) လစဉ်အမှန်တကယ် အသုံးပြုရသော အသုံးစရိတ်များအတွက် ဘတ်ဂျက်မှ တိုးမြှင့်ခွင့်ပြု ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်